ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ SSE/NM/ ၀၆ /၂၀၂၂

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁)လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ (၂၇.၁.၂၀၂၂) ရက်စွဲပါ စာအမှတ်၊ MOEE-၁/၂(လုံခြုံရေး-၂)(၁၃၇၃)/၂၀၂၂

(၂) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး၏ (၃.၂.၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ပဆ-(၂)/ရက(DMA) Notice (၂/၁၆)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-3 ရှိ SHWE Phase 2 Exploration Project Area တွင် Drilling Campaign လုပ်ငန်းများကို Semi-Submersible Drilling Rig “OCEAN MONARCH” (Call Sign: V7IY3) ဖြင့် (၂၅.၂.၂၀၂၂) ရက်နေ့မှ (၃၀.၇.၂၀၂၂) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ တွင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 28′ 31.34″ N | 092° 22 ′ 41.60″ E |
| B | 19° 32′ 0.11″ N | 092° 32 ′ 46.86″ E |
| C | 19° 19′ 8.17″ N | 092° 26 ′ 21.14″ E |
| D | 19° 22′ 36.90″ N | 092° 36 ′ 22.15″ E |

၃။ သို့ဖြစ်ပါ၍ (၂၅.၂.၂၀၂၂) ရက်နေ့မှ (၃၀.၇.၂၀၂၂) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့်တည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊

ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)